ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



**တေးဂေခိုကျေးရွာ ၊ မြလဲကျေးရွာအုပ်စု**


ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## တေးဂေခိုကျေးရွာ ၊ မြလဲကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ..........၁
မြလဲအုပ်စုမြေပုံ..........၂
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ..........၄
လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက်..........၅
ဥစ္စာခနဲ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း..........၇
ဥစ္စာခနဲကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်..........၈
ကျား/မ ပင့်ကူအိမ်..........၉
ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်..........၁၀
အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ..........၁၁
အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်..........၁၂
ရာသီခွင်ပြ ပြက္ခဒိန်..........၁၃
ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်..........၁၄
ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ..........၁၅
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ..........၁၆
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)..........၁၇
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)..........၂၀
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)..........၂၂
ကျေးရွာအစည်းအဝေးမှတ်တမ်းများ..........၂၆
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်..........၂၇


DEMOSO TOWNSHIP MAP
မ
စကေး ၁ လက်မ = ၂ မိုင်
ရှမ်းပြည်နယ်
လွိုင်ကော်မြို့နယ်
ဖရူဆိုမြို့နယ်
ဘောလခဲမြို့နယ်
တောင်ငူသို့
လွိုင်ကော်သို့
ရှည်ညွှန်းချက်
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကားလမ်း
မီးရထားလမ်း
Targer Area


# မြလဲအုပ်စုမြေပုံ


မြလဲကျေးရွာအုပ်စုမြေပုံ
မြောက်
တောင်
အနောက်
အရှေ့
ကျေးရွာ
အုပ်စုကျေးရွာ
ရေထွက်ပေါက်
လမ်း
နန်းစံဖုံးရေချောင်း
ဂါးသောဒိုရွာဟောင်း
ထီးဆိုတော်ရွာဟောင်း
စီစန်းခို
လော်နီသာ
လိုဘေသို
ဆိုလဖဲခို
တေးဂေခို
မြလဲ
လွိုင်နန်းဖ
ထီးဆိုတော်လယ်ကုန်
နန်းစံဖုံးရေထွက်ပေါက်
ဆီးမီဆူဝိုဝ
ဆီးပူကုန်
ဆီးမီဆိုဒါး
၂

မြလဲကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများနှင့် လူဦးရေစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | မြလဲ | ၇၅ | ၁၈၉ | ၁၉၃ | ၃၈၂ |
| ၂ | ဆီးမီဆိုဒါး | ၅၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၃ | ဆီးမီဆိုလား | ၂၂ | ၆၀ | ၅၅ | ၁၁၅ |
| ၄ | ဆီးပူကုန်း | ၃၀ | ၈၁ | ၈၃ | ၁၆၄ |
| ၅ | လွိုင်နန်းဖ | ၃၃ | ၉၂ | ၈၅ | ၁၇၇ |
| ၆ | ဆိုလဖဲခို | ၃၀ | ၇၃ | ၇၅ | ၁၄၈ |
| ၇ | လိုဘောခို | ၃၆ | ၉၀ | ၉၃ | ၁၈၃ |
| ၈ | လော်ခိုသာ | ၂၇ | ၇၆ | ၇၅ | ၁၅၁ |
| ၉ | စီစန်းခို | ၄၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၁၀ | တေးဂေခို | ၆၁ | ၁၆၀ | ၁၅၉ | ၃၁၉ |
| ၁၁ | ထီးလယ်ကုန်း | ၂၇ | ၇၁ | ၆၈ | ၁၃၉ |
| ၁၂ | ထီးဆော်ဒေါ်ရွာဟောင်း | ၅ | ၁၀ | ၁၂ | ၂၂ |
| ၁၃ | ဂါသောခိုရွာဟောင်း | ၃၅ | ၈၇ | ၈၄ | ၁၇၁ |
| စုစုပေါင်း | | | | | ၂၄၃၃ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



*ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၁၁) = (၃၂) ဦး*

တေးဂေခိုကျေးရွာသည်ကယားပြည်နယ်၊ဒီးမော့ဆိုမြို့နယ်၊ မြလဲအုပ်စုတွင်ကျေးရွာ (၁၃) ရွာရှိသည့်အနက်(၁)ရွာအပါအဝင်ဖြစ်သည်။ ကျေးရွာ၏ဘေးပတ်လည်တွင် တောင်ယာခင်း များ တည်ရှိပါသည်။ အိမ်ခြေပေါင်း(၆၁) အိမ်ရှိပြီး၊ လူဦးရေမှာ ကျား (၁၆၀) ဦး၊ မ (၁၅၉) ဦးရှိပါ သည်။ အမျိုးသမီး အိမ်ထောင်ဦးစီးမှာ (၅) အိမ် နှင့် အမျိုးသား အိမ်ထောင်ဦးစီးမှာ (၅၆) အိမ် ရှိပါသည်။ အိမ်အမျိုးအစားမှာ တိုက်အိမ် (၁၀) လုံး၊ ပျဉ်ထောင်အိမ်(၄၅) လုံးနှင့် ဝါးထရံအိမ် (၆) လုံးတို့ဖြစ်သည်။

သောက်သုံးရေမှာ ကျေးရွာနှင့် (၁)မိုင် ခန့်ကွာဝေးသောတွင်းရေကိုခပ်ယူ အသုံးပြုကြပါ သည်။ ကျေးလက်ဖွံ့ဖြိုးရေးဌာနနှင့် ဂရုဏာအဖွဲ့မှ တည်ဆောက်ပေးထားသော မိုးရေသိုလှောင် ကန်ကို အသုံးပြုကြပါသည်။ ကျေးရွာတွင်ရွာချင်းဆက်လမ်း (၁) လမ်း၊ ရွာတွင်းလမ်း (၈) လမ်း ရှိပသည်။ရွာချင်းဆက်လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး ၊ ရွာတွင်းလမ်း (၅) လမ်းမှာ မြေသား လမ်းများဖြစ်ကြပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်း ၊ ခရစ်ယာန် ဘုရား ရှိခိုးကျောင်း (၁)ကျောင်း၊ အားကစားကွင်း (၁) ကွင်း၊ မူကြိုကျောင်း (၁) ကျောင်း၊ ထရန်စဖာ တို့ရှိပါသည်။ ကျေးရွာတွင်ဆေးပေးခန်း နှင့်မူကြိုကျောင်းလိုအပ်ပါသည်။ဆေးပေးခန်းမရှိ ခြင်း ကြောင့်ကျေးရွာ နှင့်(၂) မိုင်ခန့်ဝေးသော လွိုင်နန်းဖသို့ ဆေးခန်းပြရပါသည်။ စာပေဗဟုသုတ တိုးပွားရန် စာကြည့်တိုက်လိုအပ်ပါသည်။ ရွာတွင်းလမ်းမှာ မိုးရာသီတွင် သွားလာရ ခက်ခဲ သော ကြောင့် လမ်းကောင်းမွန်ရန်လိုအပ်ပါသည်။ သောက်သုံးရေအတွက် တွင်းရေလိုအပ်ပါသည်။

တေးဂေခိုကျေးရွာ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း၊ သီးနှံ စိုက်ပျိုးခြင်း ဖြစ်သည်။ အချို့သောအိမ်ထောင်စုများသည် ကျပန်းအလုပ်ကိုလုပ်ကိုင်ကြပါ သည်။


ကျေးရွာသမိုင်း အကျဉ်းချုပ်

တေးဂေခိုကျေးရွာသည် ဒီးမော့ဆိုမြို့နယ် ၊ မြလဲကျေးရွာအုပ်စု၊လွိုင်နန်းဖတောင်ခြေရင်းတွင်တည်ရှိပြီး လွိုင်ကော်မြို့နှင့် (၂၄) မိုင်ခန့်ကွာဝေးပါသည်။ ၁၉၆၀ ခုနှစ်တွင်ဝါတောခိုကျေးရွာဟောင်းမှပြောင်းရွှေ့လာပြီး အိမ်(၂၄) အိမ်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ယခုတွင် အိမ်ခြေပေါင်ေ(၆၁) အိမ်နှင့် လူဦးရေမှာ ကျား (၁၆၀)ဦး၊ မ (၁၅၉) ဦး၊ စုစုပေါင်း (၃၁၉) ဦးရှိပါ သည်။ လူမျိုးစုမှာ ကယန်း ၉၉% နှင့် လူမျိုးရော (ရှမ်းဗမာ) ၁ % ရှိပါသည်။ ကိုးကွယ်ယုံကြည်မှုမှာ ခရစ်ယာန်ဘာသာဖြစ်သည်။

၁၉၇၆ ခုနှစ်တွင် ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် မူလတန်းကျောင်းကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ထိုကျောင်းကို၁၉၈၃ ခုနှစ်တွင်အစိုးရမှ အသိအမှတ်ပြုခဲ့ပသည်။ ကျောင်းသူ/ သားများသည် မူလတန်းအထိကျေးရွာတွင် ကျောင်းတက်ခဲ့ကြပြီး အလယ်တန်း နှင့် အထက်တန်းအထိကို လွိုင်နန်းဖကျေးရွာသို့ ကျောင်းတက်ခဲ့ကြပါသည်။ ကျေးရွာတွင်ဆေးပေးခန်းမရှိသော်လည်း တာဝန်ကျသည့်သားဖွားဆရာမမှ ဆေးကုသပေးခဲ့ပါသည်။ လူထုမှ သာမန်နာစေး၊ချောင်းဆိုး၊ဝမ်းရောဂါဖြစ်လျှင်ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသောလွိုင်နန်း ဖကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသမှုခံယူခဲ့ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ နွေရာသီတွင် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီစက်ဖြင့် သွားလာနိုင်သော်လည်း မိုးရာသီတွင် ဗွက်ထူ ထပ်သော ကြောင့် ကားနှင့်ထော်လာဂျီများသွားလာရ ခက်ခဲပါသည်။

တေးဂေခိုကျေးရွာရှိ ရွာလူထုများ၏အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းနှင့် ရာသီ သီးနှံများစိုက်ပျိုးခြင်း တို့ဖြစ်သည်။

## ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း




*ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၁၁) = (၃၂) ဦး*


တေးဇေခိုကျေးရွာ ဥစ္စာဓန ကြွယ်ဝမှုအဆင့် သတ်မှတ်ဆွေးနွေးရာတွင် အဆင့် (၄) ဆင့် ဖြင့် ခွဲထားပါသည်။

ကြွယ်ဝသောအုပ်စုတွင်အိမ်ထောင်စု(၁၁)အိမ်ပါဝင်ပြီးလယ်၊ ယာ၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ နွား၊ ဝက်၊ ချွဲစက်၊ TV ၊ ဝမ်းစာဖူလုံမှု၊ တိုက်အိမ်၊ လက်ထွန်စက် စသည့်တို့ကို ပိုင်ဆိုင်ထားပါသည်။

အတင့်သင့်အုပ်စုတွင် အိမ်ထောင်စု (၃၃) အိမ် ပါဝင်သည်။ ၎င်းပိုင်ဆိုင်မှုများမှာ လယ်၊ ယာနွား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ဝက်၊ ဝမ်းစာဖူလုံမှု အသင့်တင့်၊ ပျဉ်ထောင်အိမ်တို့ဖြစ်ပါသည်။

မပြေလည်သော အုပ်စုတွင် အိမ်ထောင်စု (၁၅) အိမ် ပါဝင်ပါသည်။ယာ၊ ဖုန်း၊ ဝက်၊ ဆိုင်ကယ်TV ၊ ကျပန်းအလုပ်၊ ပျဉ်ထောင်အိမ် (သို့) ထရံ စသည်တို့ကို ပိုင်ဆိုင်ထားပါသည်။

နွမ်းပါးသောအုပ်စုတွင် အိမ်ထောင်စု(၇) အိမ်ပါဝင်သည်။ ကျပန်းအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ပါသည်။




<u>*ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၁၁) = (၃၂) ဦး*</u>

တေးဂေခိုကျေးရွာသည် ပင်ကူအိမ်သုံးသပ်ခြင်းဆွေးနွေးရာတွင်အချက်(၈)ချက်ဖြင့် ဆွေးနွေးထားပါသည်။

ပညာသင်ကြားခွင့် ၊ဦးဆောင်ပိုင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း တို့တွင်အမျိုးသား နှင့် အမျိုးသမီး တန်းတူညီမျှမှု ရှိပါသည်။


အမွေရပိုင်ခွင့်တွင် အမျိုးသားများသည် အမျိုးသမီးများထက် ရပိုင်ခွင့် ပိုရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ရိုးရာဓလေ့ထုံးစံအရ ဖြစ်နေခြင်းကြောင့်ဖြစ်ပါသည်။

အိမ်တွင်းမှုတွင်အဓိကအားဖြင့်အမျိုးသမီးတာဝန်ယူဖြေရှင်းနေရသည်ကို တွေ့ရပါ သည်။

ထို့ကြောင့် အမျိုးသမီးများတွင် အချိန်ပိုပေးရသောကြောင့် ဝင်ငွေရရှိမှုတွင် အမျိုးသားများထက် ပိုနည်းနေသည်ကို တွေ့ရပါသည်။

လုံခြုံမှုတွင် အမျိုးသမီးများအတွက် အပြည့်အဝမရှိပါ။


## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ



*ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၁၁) = (၃၂) ဦး*

တေးဂေခိကျေးရွာသည် ကျေးရွာတွင်း ဖွဲ့စည်းထားသောအဖွဲ့များမှာ အုပ်ချုပ်ရေးမှူး ၊ ဘာသာရေးကော်မတီ၊ လူငယ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ မွေးမြူရေး၊ အမျိုးသားအဖွဲ့ ၊ အမျိုးသမီးအဖွဲ့၊ ကလေးအဖွဲ့ စသည့်တို့ပါဝင်ပါသည်။ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထား သောအဖွဲ့မှ ဘာသာရေးအုပ်ချုပ်ရေးမှူး၊ ငွေစုငွေချေး၊ သမဝါယမအဖွဲ့ တို့ဖြစ်ပါသည်။

ကျေးရွာတွင် အုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာတွင် ဝင်လာသောအဖွဲ့များ နှင့် ချိတ်ဆက်တိုင်ပင်ခြင်း၊ပြဿနာများဖြေရှင်းပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက်အဓိကနေရာတွင်ပါဝင်လုပ်ဆောင်ခြင်းတို့ကြောင့်ထိုအဖွဲ့သည်အဓိကနေရာတွင် ပါဝင်နေ ပါသည်။ ထို့အတူ ကျေးရွာဖွံ့ဖြိုးရေးနှင့်အတူတကွပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ လူငယ်အဖွဲ့သည် ကျေးရွာအတွက်မရှိမဖြစ်လိုအပ်သော အနာဂတ်ခေါင်းဆောင်အဖွဲ့ ဖြစ်ပါသည်။ ဘာ သာရေး၊ လူမှုရေး စသည့် ကဏ္ဍစုံပါဝင်လုပ်ဆောင်နေပါသည်။ ကျန်ရှိသောအဖွဲ့များသည်လည်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် ၊ တည်မြဲရန်၊ စည်းလုံးညီညွတ်ရန်အတွက်သတ်မှတ်ထားသော ကဏ္ဍ အလိုက် တာဝန် ယူလုပ်ဆောင်လျက်ရှိပါသည်။




<u>*ပါဝင်ဆွေးနွေးသူ - ကျား (၂၁) + မ (၁၁) = (၃၂) ဦး*</u>

တေးဂေခိုကျေးရွာ၏ အဓိကစီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းနှင့် သီးနှံစိုက်ပျိုးခြင်း တို့ဖြစ်သည်။ အိမ်ခြေ (၅၅) အိမ်မှာ လယ်ယာစိုက်ပျိုးခြင်းနှင့်ခြံစိုက်ပျိုးခြင်းလုပ်ငန်းလုပ်ကိုင်ကြပါသည်။ အိမ်ခြေ (၆) အိမ်မှာ လယ်ယာမဲ့ လက်လုပ်လက်စားများဖြစ်ကြပါသည်။

တေးဂေခိုကျေးရွာ၏ပွဲလမ်းသဘင်ကျင်းပချိန်သည်ဇန်နဝါရီလတွင်နှစ်သစ်ကူးပွဲ၊ ဖေဖော်ဝါရီလ နှင့် ဧပြီလ တို့တွင် ထိမ်းမြားမင်္ဂလာပွဲ၊ မတ်လတွင် ဘာသာရေးပွဲကြီး၊ ဒီဇင်ဘာ လ တွင် ခရစ္စမတ်ပွဲစသည်တို့ဖြစ်သည်။ စိုက်ပျိုးရိတ်သိမ်းချိန်သည်ဧပြီလမှ ဒီဇင်ဘာလ အထိ ဖြစ် သည်။ ရာသီ သီးနှံကို ဧပြီလ နှင့် မေလတို့တွင် စိုက်ပျိုးကြပြီး ဩဂုတ်လနှင့်စက်တင်ဘာလတို့တွင် ရာသီသီးနှံ ရိတ်သိမ်းကြပါသည်။ ဇွန် နှင့် ဇူလိုင်လတို့တွင် စပါးစိုက်ပျိုးကြပြီး နိုဝင်ဘာ နှင့် ဒီဇင်ဘာလ တို့တွင်စပါးရိတ်သိမ်းကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီချိန်တွင် ဗွက်များထူထပ်ပြီး ချိုင့်ဝှမ်းများဖြစ်သောကြောင့် သွားလာရခက်ခဲပါသည်။ နွေရာသီနှင့် ဆောင်းရာသီကာလ တို့တွင် သွားလာရအဆင်ပြေသော်လည်းလမ်းတွင်ချိုင့်ဝှမ်းများရှိပါသည်။ ရာသီဥတုအခြေအနေမှာ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလ အထိတွင်အေးမြပြီး မြူနှင်းများကျရောက်သော အချိန်ဖြစ်သည်။ မတ်လ၊ ဧပြီလတွင် အလွန်ပူပြင်းသောကာလဖြစ်သည်။ ဧပြီတွင် သင်္ကြန်မိုးနှင့် မေလတွင် မိုးအနည်းငယ်ရွာသွန်းပါသည်။ ဇွန်လမှ စက်တင်ဘာလအထိတွင် တိမ်ထူထပ်ပြီး မိုးများသော အချိန်ဖြစ်သည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင်ရာသီဥတုမှာ စတင်အေးပြီး မိုးအနည်းငယ် ရွာသွန်းမှုရှိပါသည်။ ရာသီဥတုဖောက်ပြန်မှုရှိပါသည်။ရာသီပြောင်းလဲကာလဖြစ်သော ဧပြီလ ၊ မေလ၊ ဇွန်လ ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ရောဂါကျရောက်ချိန် ဖြစ်ပါသည်။ ထိုအချိန်တွင် နှာစေး၊ ချောင်းဆိုး၊ တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ကြပါသည်။ ရေရှားပါးချိန်သည် ဖေဖော်ဝရီလမှ မေလအထိဖြစ်သည်။ တေးဂေခိုကျေးရွာတွင် မတ်လနှင့်ဧပြီလတွင် မီးဘေးအန္တရယ်ကျရောက်နိုင်သည်။ အလုပ်အကိုင်ရှားပါးချိန်သည် ဇန်နဝါရီလမှ ဧပြီလ နှင့် ဒီဇင်ဘာလ တို့ ဖြစ်သည်။

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဒေါ်ဗျူးမေထူး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဦးခွန်းချစ်ထူး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၊ ဥက္ကဋ္ဌ |
| ၃ | ဦးကိုဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၄ | ဦးပီးလာ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်ကလားရာ | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဒေါ်အေးစတာဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၇ | ဦးတိုးနေမူး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဒေါ်အယ်ဒါးဖေါ် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၉ | ဦးမောင်ပြန့် | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်နန်းခင်ထွေး | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်မြစန္ဒာထွန်း | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးစတေးဖာ | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဒေါ်သူးလေဖေါ | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဦးအယ်ဒီထူး | က | ကျေးရွာစာရင်းကိုင် |
| ၁၅ | ဦးစောမျိုးမင်းအောင် | က | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်နိုးမြာထူး | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ







## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ရှီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦးတီဂယ် |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြဲပဲ | ကျေးရွာ တော်းကေ ခို |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၆၂ | ဘာသာ (၁) ခရစ်ယာန် | ၆၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၆၈ | ၁၇၈ |
| လူမျိုးစု (၁) ကယန်း | | |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၅၅ | ၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက်<br>[illegible] | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| **ကျောက်ခင်းလမ်း** | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၃------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၅း၀၀ မိနစ်---ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---၂၀း၀၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -ဆေးပေးရေးအဖွဲ့-------

(၂) --------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးကဝင်း | |
| | လက်မှတ် | နေ့စွဲ ၁၀.၁၁.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဦးတိုးလယ် | |
| | လက်မှတ် | နေ့စွဲ ၁၀.၁၁.၂၀၁၇ |

# ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၉.၁၀.၂၀၁၆

*ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်...ငယ် | | | |
| နေ့စွဲ ၁.၁၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြလဲ | ကျေးရွာ တေးဂေခို |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁.၁၁.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၂၁ | ၈၁၂ | ၃၃ | ၁ ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁.၁၁.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၂၁ | ၁၂ | ၃၃ | ၁ ကယန်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၀.၁၁.၁၇ | ၃၀.၁၁.၁၇ | ၃၂ | ၁၄ | ၆၀ | ၂၀ ကယန်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 6.11.17 | 6.11.14 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

ူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - .၁၀.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး·တီရယ် | | | |
| နေ့စွဲ ၁၀.၁၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြဲလဲ | ကျေးရွာ တော့ဂေခို |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဝမ်းစာမလုံလောက်သည့် အခက်အခဲ | ၁ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ |
| ၂ | ရေရှားပါးသည့်အခက်အခဲ | ၂ | ရေအခက်အခဲ |
| ၃ | ကျန်းမာရေး အခက်အခဲ | ၃ | ကျန်းမာရေး အခက်အခဲ |
| ၄ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၄ | ပညာရေး အခက်အခဲ |
| ၅ | အစည်းအဝေးခန်းမဆောင် မရှိသည့်အခက်အခဲ | ၅ | စားဝတ်နေရေး အခက်အခဲ |
| | ပညာရေး အခက်အခဲ | | သီးနှံဈေးကွက် မရှိသည့် အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | မူကြိုကျောင်း၊ ဆေးပေးခန်း ရှိရမည် | ၁ | ရေပိုက်ဖြင့် ရေပေးဝေမှုစနစ် ဖြစ်လာရမည် |
| ၂ | ကျေးရွာအတွင်း ရေအဆင်ပြေရမည် | ၂ | ကျေးရွာတွင်း ကျောက်ချောလမ်း ရှိလာရမည် |
| ၃ | ကျေးရွာတွင်း ကတ္တရာလမ်း ဖြစ်လာရမည် | ၃ | ကျေးရွာတွင်း ဆေးပေးခန်း ရှိလာရမည် |
| ၄ | စာကြည့်တိုက် ရှိရမည် | ၄ | ကျေးရွာ စာကြည့်တိုက် ရှိလာရမည် |
| ၅ | ဘက်စုံသုံးခန်းမဆောင် ရှိရမည် | ၅ | အိမ်တိုင်း လျှပ်စစ်မီး ရှိလာရမည် |
| | အလယ်တန်းကျောင်း ရှိရမည် | | ဘက်စုံသုံးခန်းမဆောင် ရှိလာရမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းမဆောင် | အမျိုးသား + အမျိုးသမီး | | |
| ၂ | အဝီစိ ရေတွင်း | " | | |
| ၃ | ဆေးပေးခန်း (၂၄'×၂၄'×၁၂') | " | | |
| ၄ | ရွာကြား ကွန်ကရစ်လမ်း | " | | |
| ၅ | မူကြိုကျောင်း | " | | |
| ၆ | စာကြည့်တိုက် | " | | |
| ၇ | ရေပိုက်လိုင်း | " | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား+အမျိုးသမီး | |
| ၂ | သင်တန်းနှင့် [illegible] | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] ---------- လက်မှတ် ---------- နေ့စွဲ ၁၀.၁၁.၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | သုံးမအောင် | ☑မ ☑ကျား | | |
| | ၂ | [illegible] | ☑မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်း / စီးပွားရေး | ၁ | မိုးကုပ်ရိုး ကားလမ်းဖောက် | ☑မ ☑ကျား | | |
| | ၂ | ၃ဦး လမ်း ပြု | ☐မ ☐ကျား | | |
| | ၃ | မြေ မြေကားလမ်းဖောက် ၃ဦး | ☑မ ☑ကျား | | |
| | ၄ | လမ်းပြုပြင် | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေး ပညာရေး လူမှုရေး | ၁ | မီးစိုးကျောင်း | ☐မ ☐ကျား | | |
| | ၂ | ကျေးရွာ ဆေးပေးခန်း | ☐မ ☐ကျား | | |
| | ၃ | စာအုပ်ဆိုင် | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | ရေကြီးကာကွယ် | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အခြား | ၁ | ဘုန်းကြီးကျောင်းထိုင် | ☐ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

အစည်းအဝေးကျင်းပသည့်နေ့ရက် – ၁.၁၁.၂၀၁၇

တက်ရောက်သူဦးရေ - ကျား (၂၁) + မ (၁၁) = (၃၂) ဦး

ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်း အစည်းအဝေးကို (၂.၁၀.၂၀၁၇) ရက်နေ့တွင် လားလဲကျေးရွာတွင် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ခဲ့သည်။ အစီအစဉ်အရစီထောက်ဥက္ကဋ္ဌ ဦးဒဲရယ် မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဦးနေဒေထူးမှ စီမံကိန်းနှင့် ပတ်သက်ပြီး မိတ်ဆက်ခြင်း အစီအစဉ်ကို ဦးဆောင်ခဲ့သည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဒေါ်မိုးအိငြိမ်း မှ စီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းသည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဦးနေဒေထူး မှ စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် တာဝန်ဝတ္တရားများကိုရှင်းပြပြီး ကော်မတီများ ပြန်လည်အတည်ပြုခြင်းကို လုပ်ဆောင်သည်။ ဆက်လက်ပြီး လူအများပါဝင်သော လူထုဆန်းစစ်မှုကို ပြန်လည်ဆွေးနွေး အတည်ပြုမှုများပြုလုပ်ခဲ့သည်။

PSA/PRA များပြန်လည်အတည်ပြု ဆွေးနွေးပြီး ကျေးရွာအခက်အခဲများကို ပြန်လည်အတည်ပြုပြီး အခက်အခဲများအတွက် မျှော်မှန်းချက်များကို ပြန်လည်ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်ပြီး စီမံကိန်းလုပ်ငန်းခွဲများကို ပြန်လည်အတည်ပြုရေးဆွဲခဲ့သည်။ ထို့နောက် ဒေါ်မိုးအိငြိမ်း မှ အကြံုးမဝင်မှုများကိုရှင်းပြသည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဒေါ်မိုးအိငြိမ်း မှ အကာအကွယ်နှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။ ထို့နောက် ဦးဒဲရယ် မှ ကျေးဇူးတင်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးနေဒေထူး

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ<br>(Socila map/ Resources Map) | ၁-၁၁--၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၂၁ | ၁၁ | ၃၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း<br>(Wealth Ranking) | ၁-၁၁--၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၂၁ | ၁၁ | ၃၂ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ<br>(Access Mapping) | ၁-၁၁--၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၂၁ | ၁၁ | ၃၂ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက်<br>(Spider Web) | ၁-၁၁--၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၂၁ | ၁၁ | ၃၂ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ<br>(Venn Diagram) | ၁-၁၁--၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၁ | ၁၁ | ၃၂ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန်<br>(Seasonal Calender) | ၁-၁၁--၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၂၁ | ၁၁ | ၃၂ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် တေးဂေခိုကျေးရွာ၊ မြလဲကျေးရွာအုပ်စု

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၁-၁၁--၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၂၁ | ၁၁ | ၃၂ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏ ( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၁-၁၁--၂၀၁၇ | ကျေးရွာလူထု အားလုံး | ၂၁ | ၁၁ | ၃၂ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၁-၁၁--၂၀၁၇ | ရွာလူထု အားလုံး | ၂၁ | ၁၁ | ၃၂ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၁-၁၁--၂၀၁၇ | ရွာလူထု အားလုံး | ၂၁ | ၁၁ | ၃၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | ၁-၁၁--၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၂၁ | ၁၁ | ၃၂ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |